## ဆက်သွယ်နိုင်ပါသည်။

ရွှေ့ပြောင်းအလုပ်သမားအရင်းအမြစ်စင်တာများ

**ရွှေ့ပြောင်းအလုပ်သမားအရင်းအမြစ်စင်တာ၊ ကျိုင်းတုံ**
မော့ကွန်ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊
ခတ္တာလမ်း မြို့သစ် (၄) လမ်း၊ ရပ်ကွက် ၃၊
ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်။
ဖုန်း – ၀၉– ၄၅၈ ၀၃၀ ၈၈၇၊ ၀၉ ၄၉၃ ၃၄၂၃၊
၀၈၄ ၂၃၉ ၄၃၊ ၀၉ ၅၂၅ ၂၄၈၆၊
E: mawkkon16@gmail.com

**ရွှေ့ပြောင်းအလုပ်သမားအရင်းအမြစ်စင်တာ၊ တာချီလိတ်**
မော့ကွန် ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ၊
အခန်းအမှတ် ၉၊ ရွှေနဂါးအိမ်ရာ၊
၈၈ (အမှတ် ၃ ပါလိန်းဈေးရှေ့)၊ တော်ကော်လမ်း၊
ပါလိန် ၃ ရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်
ဖုန်း – ၀၉ ၄၀၉ ၀၃၃ ၃၂၀၊
၀၉ ၇၈၅ ၂၈၂ ၈၈၅ (မြန်မာ) ၀၆ ၂၉၂ ၉၃၄၆၀ (ထိုင်း)
E: mawkkon17@gmail.com

**ရွှေ့ပြောင်းအလုပ်သမားအရင်းအမြစ်စင်တာ၊ ရန်ကုန်**
CTUM ၊ ရန်ကုန်
ဖုန်း – ၀၉ ၈၉၀ ၇၀၀ ၀၀၁၊ ၀၉ ၈၉၀ ၇၀၀ ၀၀၂
E:ctummrc2019@gmail.com

**ရွှေ့ပြောင်းအလုပ်သမားအရင်းအမြစ်စင်တာ၊ ပဲခူး**
အနာဂတ်အလင်းတန်း စင်တာ
အမှတ် ၁၁၀၊ မြို့ရှောင်လမ်း (၂) ၊ ၈ ရပ်ကွက်၊
ဥသာမြို့သစ်၊ ပဲခူးမြို့
ဖုန်း – ၀၉ ၇၇၁ ၀၃၆ ၈၇၇, ၀၉ ၇၅၆ ၅၁၄ ၆၆၃
E: flcoffice2012@gmail.com

**ရွှေ့ပြောင်းအလုပ်သမားအရင်းအမြစ်စင်တာ၊ ကော့သောင်း**
ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း
အမှတ် ၄၉၂၊ ရွှေနန်းတော်လမ်း၊ ဘုရင့်နောင်ရပ်ကွက်၊
ကော့သောင်းမြို့
ဖုန်း – ၀၉ ၄၅၉ ၀၈၇ ၃၁၆, ၀၉ ၂၆၂ ၈၄၇ ၆၅၇
E: moewai@ghre.org

**ရွှေ့ပြောင်းအလုပ်သမားအရင်းအမြစ်စင်တာ၊ လားရှိုး**
အမျိုးသမီးရေးရာဌာန၊ Northern Shan State Baptist Convention (NSSBC)
အမှတ် ၁၅၊ ဘူဟာလမ်း၊ ရပ်ကွက် ၁၊ လားရှိုးမြို့
ဖုန်း – ၀၉ ၄၂၂ ၀၁၀ ၈၅၇၊ ၀၉ ၉၇၁ ၃၇၆ ၆၂၃
E : nanghtweengin@gmail.com

**ရွှေ့ပြောင်းအလုပ်သမားအရင်းအမြစ်စင်တာ၊ ထားဝယ်**
Tanintharyi Karen Peace Support Initiative (TKPSI)
အောက်သရက်ချောင်းလမ်း၊ သရက်ချောင်းမြို့နယ်၊
ထားဝယ်၊ တနင်္သာရီ
ဖုန်း – ၀၉ ၈၉၇ ၈၀၀ ၈၂၂
E : nawchawchawwai@gmail.com

**ရွှေ့ပြောင်းအလုပ်သမားအရင်းအမြစ်စင်တာ၊ ဘားအံ**
ဖုန်း – ၀၉ ၇၅၁ ၈၄၀ ၁၆၅၊ ၀၉ ၄၄၉ ၅၇၁ ၂၄၅
E : sawehdo993@gmail.com

**ဘီဘီစီ မီဒီယာအက်ရှင် ၊ ရေကြည်ရာ ဖေ့စ်ဘွတ်**
အမှတ် ၆၊ ဝဂ်ဘာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်
ဖုန်း – ၀၁ ၅၄၅၄၅၅၊ ၀၉ ၇၉၈ ၄၁၇ ၉၈၇၊
၀၉ ၅၀၂ ၉၄၇၇၊ ၀၉ ၉၇ ၆၃၉ ၅၃၇၉
E: su.mon@mm.bbcmediaaction.org
aung.hein@mm.bbcmediaaction.org
theint.theintphooe@mm.bbcmediaaction.org
W: http://www.facebook.com/YayKyiYar

ပြည်တွင်း ရွှေ့ပြောင်းသွားလာမှု အကျိုးဆောင်များ

**ပြည်တွင်း ရွှေ့ပြောင်းသွားလာမှုအကျိုးဆောင်၊ မန္တလေး**
ဖုန်း – ၀၉ ၄၀၁ ၆၄၂ ၄၉၇
E: thidalwin.pku@gmail.com
ဖုန်း – ၀၉ ၇၇၁ ၉၇၃ ၅၀၁

**ပြည်တွင်း ရွှေ့ပြောင်းသွားလာမှု အကျိုးဆောင်၊ တောင်ကြီး**
ဖုန်း – ၀၉ ၇၇၁ ၉၇၃ ၅၀၁
E: hlainghtwe2014@gmil.com

**ထိုင်းနိုင်ငံ အစိုးရ ဟော့လိုင်း**
**ဖုန်း – ၁၅၀၆/ ၁၅၄၆/ ၁၃၀၀**

ရွှေ့ပြောင်းအလုပ်သမားများ အကူအညီပေးရေး အစိုးရစင်တာများ

**စမွတ်စခွန် ခရိုင် အလုပ်သမားရုံး**
3rd Floor, no. 32–33 Ekachai Road,
Mahachai Sub–District Muang Samutsakhon District
Samutsakhon province
T: 034–836223–25 and 061–4078766

**စမွတ်ပရာကန် ခရိုင် အလုပ်သမားရုံး**
176 Moo 8, A Buidling, 2nd Floor,
Talad Thipnimitr Bangpleeyai Sub–District,
Bangplee District Samutprakan 10540
T: 02 3955992

**ရနောင်းခရိုင် အလုပ်သမားရုံး**
55/8 Moo 3 Bangrin Sub–District Muang District,
Ranong 85000
T: 077–862026–8

**ဆူရဌာနေခရိုင် အလုပ်သမားရုံး**
Surat–Nasarn Road,
Khun Thalae Sub–District Muang District,
Surat Thani 84100
T.077–355426

**ဆောင်ကလာခရိုင် အလုပ်သမားရုံး**
Samphakorn old building, 2nd floor,
Songkhla Town Hall Ratchadamnoen Road,
Bor–yang Sub–district Muang Songkhla District,
Songkhla province
T: 074–314845, 093–0021671 (Coordinator)

**တရန်ခရိုင် အလုပ်သမားရုံး**
Maesot branch, 149 Moo 2,
Thaxaywut Khamphiengmeaung, Mae Sot, 63110
T: 055–563639, 096–6696288 (Coordinator)

**ချွန်ဘူရီခရိုင် အလုပ်သမားရုံး**
199 Moo 3, Samet Sub–District Muang District,
Chonburi 20000
T: 038–398053

**နခွန် ရာ့ချာစီမာခရိုင် အလုပ်သမားရုံး**
364 Suebsiri Road,
Nai Muang Sub–District Muang District,
Nakhon Ratchansima
T: 044–355265–7

ရွှေ့ပြောင်းအလုပ်သမားအရင်းအမြစ်စင်တာများ

**Rakthai – Samut Prakan (စမွတ် ပရာကန်)**
80/403 Soi 45 Thipphawan 1,
Yaithep Phalak District Samut Prakan
T: 023801123

**Rakthai Foundation – Bangkok (ဘန်ကောက်)**
185 Soi Pradiphat 6, Phayathai, Bangkok
T: 022656888

**Labour Law Clinic / Human Rights Management and Development Foundation – Mae Sot (မဲဆောက်)**
134/31 Inthakiri Road, Mae Sot District, Tak 63110
T: 055535994, 0892734711 (Thai) | F: 055536015

**HRDF Office – Bangkok (ဘန်ကောက်)**
109 Soi Sithichon, Sutthisanwinixay Road,
Samseannook Houykwang, Bangkok, 10310
T: 022776882 | F: 022776887

**ထိုင်း အလုပ်သမားသမဂ္ဂများ – ဆမွတ်ပရာကန်**
420/393–4 Thipphawan 1, Thiphalak Road Samut Prakan
T: 023840438, 0830206972 (Thai)

**Labour Promotion and Employment Foundation – Bangkok (ဘန်ကောက်)**
677/6 Ratplow 5/1 Chompoong,
Chachuchak Bangkok, 10900
T: 025139242, 0853272971

**MAP Foundation – Chiang Mai (ချင်းမိုင်)**
63/30 30 Umong Soi 4, Moo 8 Suthep Muang Chiang Mai, 50200
T: 053811202; 0869219139 (Thai yai), 0863690762 (Thai)

**Chiangrai MWG (Sanyiphp Foundation) (ဘန်ကောက်)**
3510 Dindeng Road, Dindeng, Bangkok.
E: manager@mwgthailand.org

**ရေလုပ်သားများအခွင့်အရေး ကွန်ယက် – ဆောင်ကလာ**
**Fishers' Rights Network – Songkhla**
27 Sai Ngam, Soi 4 Suanmak Road, Bo yang Muang,
Songkhla, 90000
T: 074314262

**ရေလုပ်သားများအခွင့်အရေး ကွန်ယက် – ချွန်ပေါန်**
**Fishers' Rights Network – Chumphon**
385/16 Moo 2 Paknam, Muang, Chumphon, 86120

**ရေလုပ်သားများအခွင့်အရေး ကွန်ယက် – ရနောင်း**
**Fishers' Rights Network – Ranong**
73/25 Soi 5, Bang Ring, Muang, Ranong, 85000
T: 077810217

**ရေလုပ်သားများအခွင့်အရေး ကွန်ယက် – တရန်**
**Fishers' Rights Network – Trat**
305/2 Moo 5, Had Lek, Khlong Yai, Trat, 23110
T: 039513500

SHIP TO SHORE RIGHTS | SOUTH EAST ASIA

International Labour Organization

Funded by the European Union

# နိုင်ငံရပ်ခြားရှိ ငါးဖမ်းလုပ်ငန်းနှင့် ပင်လယ်စာပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းများတွင် အလုပ်လုပ်မယ်လို့ စဉ်းစားနေပြီလား?



**လုံခြုံစိတ်ချရသည့် ခရီးသွားလာရေးနှင့် သင့်လျော်ကောင်းမွန်သည့်အလုပ်တို့အတွက် ဤစာစောင်ပါ သတင်းအချက်အလက်များက အကူအညီဖြစ်စေမှာပါ။**

ရွှေ့ပြောင်းအလုပ်လုပ်ခြင်းမှ ဆုလာဘ်များ ခံစားရရှိနိုင်ပါတယ်။ ဤစာစောင်ပါ အကြံပြုချက်များအား လိုက်နာခြင်းဖြင့် လုံခြုံစိတ်ချစွာခရီးသွားပါ။ နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကာအကျိုးခံစားလိုက်ပါ။

# ရွှေ့ပြောင်းလုပ်ကိုင်ခြင်းမှ မည်သို့ကောင်းကျိုးခံစားနိုင်ပါသလဲ ?



## ၀၁

### သတင်းအချက်အလက်တွေ သိနေပါစေ

ရွှေ့ပြောင်းအလုပ်လုပ်ရန် မဆုံးဖြတ်မီ ရသမျှသောသတင်းအချက်အလက်များကို ရသလောက်ရယူပါ။ နိုင်ငံရပ်ခြားတွင် မည်သို့နေထိုင်အလုပ်လုပ်ကိုင်ကြသလဲ၊ ကုန်ကျစရိတ် ဘာတွေရှိလဲ၊ ဘာအလုပ်အကိုင်လုပ်ရမလဲ၊ လိုအပ်တဲ့စာရွက်စာတမ်းတွေ၊ ဘယ်လို အခက်အခဲတွေနဲ့ ကြုံနိုင်သလဲ၊ လိုအပ်ရင် ဘယ်ကအကူအညီရယူနိုင်မလဲ၊ အိမ်ကို ဘယ်လိုငွေပြန်ပို့ရမလဲ အစရှိသဖြင့်ပေါ့။



## ၀၂

### ခရီးသွားဖို့ စာရွက်စာတမ်းတွေ ရအောင်လုပ်ထား

ရွှေ့ပြောင်းအလုပ်လုပ်ခြင်းဟာ စွန့်စားရတာတွေရှိပါတယ်။ သို့သော်လည်း ကိုယ့်မှာ တရားဝင်နိုင်ငံကူးလက်မှတ်၊ ပြည်ဝင်ခွင့်ဗီဇာနဲ့ အလုပ်ခွင့်ပြုစာပါမစ်တို့ရရှိထားပြီးလျှင် ဆိုက်ရောက်နိုင်ငံမှာ ဖမ်းဆီးခံရတာ၊ နေရပ်ပြန်ပို့ခံရတာတွေ မဖြစ်တော့ပါဘူး။



## ၀၃

### အလုပ်အေဂျင်စီ၊ အလုပ်ပွဲစားတွေကို သေချာစစ်

မိမိဆက်သွယ်လုပ်ကိုင်မည့် အလုပ်ပွဲစား သို့မဟုတ် အေဂျင်စီသည် လုပ်ကိုင်ခွင့်လိုင်စင်ရှိသူလား၊ ရွှေ့ပြောင်းလုပ်ကိုင်နေကြသူများအကြား နာမည်ကောင်းရှိသူလားဆိုတာ စစ်ဆေးပါ။



## ၀၄

### စာဖြင့်ရေးသားထားသည့် အလုပ်စာချုပ်မှာ လက်မှတ်ထိုးပြီးမှ ထွက်ခွါပါ။

နိုင်ငံရပ်ခြားမထွက်ခါမီ မိမိအား အလုပ်ခန့်သည့် အေဂျင်စီ သို့မဟုတ် အလုပ်ရှင်နှင့် စာဖြင့်ရေးသားထားသည့် အလုပ်ခန့်အပ်သည့် စာချုပ်တွင် လက်မှတ်ရေးထိုးထားသင့်သည်။ လက်မှတ်မထိုးမီ စာချုပ်အား သေချာစွာဖတ်ရှုရန်နှင့် အရေးအသားအား အမှန်တကယ် နားလည်ကြောင်း သေချာပါစေ။



## ၀၅

### အထောက်အထားစာရွက်စာတမ်းတွေကို ကိုယ်နှင့်မကွာထား၊ မိတ္တူတွေလည်းကူးထားဦး

အထောက်အထားစာရွက်စာတမ်းများကို ကိုယ်နှင့်မကွာ သေချာစွာသိမ်းဆည်းပါ။ နိုင်ငံကူးလက်မှတ် (ပါ့စ်ပို့)၊ ပြည်ဝင်ခွင့် (ဗီဇာ)၊ အလုပ်ခွင့်ပြုချက် (ဝါ့ ပါမစ်)၊ မှတ်ပုံတင်၊ အခြားခရီးသွားစာရွက်စာတမ်းများအား မိတ္တူကူးထားပါ။ ပျောက်ဆုံးခဲ့ပါက အထောက်အကူဖြစ်ပါသည်။



## ၀၆

### အရေးပေါ် အခြေအနေတွေ အတွက်လည်းပြင်ဆင်ထား

မထွက်ခွါမီကပင် မိသားစုနှင့် မိတ်ဆွေများအား အရေးကိစ္စပေါ်လာပါက ဆက်သွယ်ရမည့် အဆက်အသွယ်များ ဖုန်းများအား စာရင်းပြုလုပ်ထားပေးပါ။ အရေးပေါ်ကိစ္စအတွက် အိမ်ပြန်နိုင်ရန် ငွေလုံလုံလောက်လောက်ရှိနေပါစေ။



## ၀၇

### မိသားစုတွေ၊ မိတ်ဆွေ သူငယ်ချင်းတွေနဲ့လည်း အဆက်အသွယ်မှန်မှန်လုပ်

အိမ်တွင် ကျန်ရစ်နေသည့် မိသားစု၊ မိတ်ဆွေများနှင့် အဆက်အသွယ်မှန်မှန်ပြုလုပ်ပါ၊ ဘေးကင်းကြောင်းသိရှိပါစေ။ ဆိုက်ရောက်နိုင်ငံတွင် စိတ်ချယုံကြည်ရသည့် မိတ်ဆွေများ၊ အချိတ်အဆက်ကွန်ယက်များနှင့် ချိတ်ဆက်ထားပါ။



## ၀၈

### အလုပ်မှ ပြဿနာတစ်ခုခု ကြုံလာခဲ့လျှင်

အလုပ်တွင် သဘောထားကွဲလွဲမှုများ ရှိလာပါက သင်ယုံကြည်ရသူ တစ်ဦးဦးထံမှ သတင်းအချက်အလက်နှင့် အကူအညီရယူပါ။ သင့် အလုပ်ရှင်၊ သို့မဟုတ် သင့်အလုပ်ပွဲစား/အေဂျင်စီတို့နှင့် ပြဿနာအား တိုက်ရိုက်ဆွေးနွေးရန် စိတ်သက်တောင့်သက်သာ မဖြစ်ပါက အစိုးရမဟုတ်သည့်အဖွဲ့အစည်း တစ်ခုခု၊ အလုပ်သမားသမဂ္ဂအဖွဲ့အစည်း၊ သင့်နိုင်ငံသံရုံး၊ သို့မဟုတ် အစိုးရအာဏာပိုင်များထံ အကူအညီတောင်းခံပါ။

# ထိုင်းနိုင်ငံ ၏ ငါးဖမ်းလုပ်ငန်းနှင့် ပင်လယ်စာပြုပြင် ထုတ်လုပ်ရေးလုပ်ငန်းရှိ အလုပ်သမားများအတွက် အခွင့်အရေးများ



## ၀၁

### ဥပဒေ က ပြဌာန်းထားသည့် အနိမ့်ဆုံးလုပ်ခကို အနည်းဆုံးရရှိရမည်

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ ငါးဖမ်းလုပ်ငန်းနှင့် ပင်လယ်စာပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများမှ အလုပ်သမားများသည် တစ်ရက်လုပ်ခသည် အနည်းဆုံး ၃၂၈ – ၃၅၄ ဘတ် ရရှိရမည်။



## ၀၂

### အနားယူချိန် ရရှိရမည်၊ အချိန်ပိုအလုပ်မှန်သမျှ မိမိသဘောဆန္ဒအလျှောက်သာဖြစ်ရမည်

**ပင်လယ်စာ ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းမှ အလုပ်သမားများအတွက် –** အလုပ်ချိန်သည် တစ်ရက် ၈ နာရီ ၊ တစ်ပတ်လျှင် ၆ ရက်ဖြစ်ပြီး၊ ၅ နာရီ အလုပ်လုပ်ပြီးတိုင်း အနည်းဆုံး ၁ နာရီ နားရမည်။

**ငါးဖမ်းလုပ်ငန်းမှ အလုပ်သမားများအတွက် –** ၂၄နာရီအတွင်း ၁၀ နာရီ အနားရ,ရမည်။ (တစ်ပါတ်အတွက် အနည်းဆုံး ၇၇ နာရီ အနားရ,ရမည်။)



## ၀၃

### ပင်လယ်စာပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများမှ အလုပ်သမားများသည် အချိန်ပိုလုပ်ခ ခံစားခွင့်ရှိသည်

**ပင်လယ်စာပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများမှ အလုပ်သမားများအတွက် –** အလုပ်လုပ်ရက် တစ်ရက်အတွင်း ၈နာရီအလုပ်လုပ်ပြီးနောက်၊ သို့မဟုတ် တစ်ပတ်အတွင်း ၄၈ နာရီ အလုပ်လုပ်ပြီးနောက် အချိန်ပိုလုပ်ကိုင်ပါက ပုံမှန်လုပ်ခ၏ ၁ ဆခွဲ လုပ်ခရရှိရမည်။ အားလပ်ရက်များတွင် အချိန်ပိုလုပ်ကိုင်ပါက ပုံမှန်လုပ်ခ၏ ၃ ဆ လုပ်ခရရှိရမည်။

**ငါးဖမ်းလုပ်ငန်းတွင်** ကြိုတင်တွက်ဆ၍ မရနိုင်သည့် အလုပ်အခြေအနေဖြစ်ခြင်းကြောင့် အချိန်ပိုလုပ်ခခံစားခွင့်မရရှိနိုင်ပါ။



## ၀၄

### တစ်ကိုယ်ရည် ကာကွယ်ရေးဝတ်စုံ၊ ကိရိယာတို့ ရရှိရမည်၊ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးသင်တန်း အခမဲ့တက်ရောက်ခွင့်ရ,ရမည်

ငါးဖမ်းလုပ်ငန်းနှင့် ပင်လယ်စာပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများမှ အလုပ်သမားများအားလုံးသည် တစ်ကိုယ်ရည်ကာကွယ်ရေးဝတ်စုံအား အခမဲ့ရရှိရမည်။ ထို့အတူ လိုအပ်သည့် မည်သည့်ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးသင်တန်းကိုမဆို သင်ကြားပေးရမည်။



## ၀၅

### နာမကျန်းခွင့် ခံစားခွင့်ရှိသည်

ငါးဖမ်းလုပ်သားများနှင့် ပင်လယ်စာပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများမှ အလုပ်သမားများသည် တစ်နှစ်လျှင် အလုပ်လုပ်ရက် ရက် ၃၀ အထိ နာမကျန်းခွင့် ခံစားခွင့်ရှိသည်။



## ၀၆

### လစာဖြင့် မီးဖွားခွင့် ခံစားခွင့်ရှိသည်

ငါးဖမ်းလုပ်သားများနှင့် ပင်လယ်စာပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများမှ အလုပ်သမားများသည် ကိုယ်ဝန်ဆောင် စောင့်ရှောက်ခွင့်နှင့် မီးဖွားခွင့်အတွက် (၉၈) ရက်အထိ ခွင့်ယူနိုင်ပြီး ၄၅ ရက်အတွက် လစာဖြင့်ခွင့် ရရှိရမည်။



## ၀၇

### နှစ်ပတ်လည်ခွင့် ခံစားခွင့်ရှိသည်

**ပင်လယ်စာပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများမှ အလုပ်သမားများအတွက် –** တစ်နှစ်လျှင် ၆ ရက် လုပ်ခဖြင့် ခွင့်ရရှိရမည်။ ထုံးတမ်းစဉ်လာပိတ်ရက် တစ်နှစ်လျှင် ၁၃ ရက်ကိုလည်း ထပ်မံခံစားခွင့်ရရမည်။

**ငါးဖမ်းလုပ်ငန်းမှ အလုပ်သမားများအတွက် –** အပတ်စဉ်ပိတ်ရက်နှင့် ထုံးတမ်းစဉ်လာပိတ်ရက်များအစား တစ်နှစ်လျှင် ရက် ၃၀ လုပ်ခဖြင့် ခွင့်ခံစားခွင့်ရရမည်။



## ၀၈

### အလုပ်သမားသမဂ္ဂ သို့မဟုတ် အသင်းအဖွဲ့များသို့ ဝင်ရောက်ခွင့် ပါဝင်ခွင့်ရှိသည်

ငါးဖမ်းလုပ်သားများနှင့် ပင်လယ်စာပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများမှ အလုပ်သမားများအားလုံးသည် သင့်အလုပ်တည်ရှိရာနေရာ သို့မဟုတ် သင့် အလုပ်နှင့် လုပ်ငန်းတူ အလုပ်သမားအဖွဲ့အစည်းများသို့ ဝင်ရောက်ပိုင်ခွင့်ရှိသည်။ သင့်အလုပ်ရှင်က ထိုသို့ အလုပ်သမားအဖွဲ့အစည်းများသို့ ဝင်ရောက်ခြင်းအား စွက်ဖက်ခွင့်မရှိပါ။